# တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နှင့် မြိတ်မြို့များတွင် တည်ရှိသော အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် ( ၁၄/၂၀၁၅)

၁။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်းနှင့် ဒေါက်တာ ဉာဏ်ဇော်တို့သည် ကော်မရှင်ရုံးဝန်ထမ်းများ လိုက်ပါလျက် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နှင့် မြိတ်မြို့များတွင်တည်ရှိသော အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းများအား ၇-၁၀-၂၀၁၅ နေ့မှ ၉-၁၀-၂၀၁၅ နေ့အထိ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ စစ်ဆေးတွေ့ရှိချက်များမှာ –

(က) မြိတ်အကျဉ်းထောင်တွင် အကျဉ်းသားဝင်ဆံ့သည့်အင်အားထက် ကျော်လွန်နေကြောင်း၊ အကျဉ်းသားအိပ်ဆောင်အချို့တွင် ထပ်ခိုးများပြုလုပ်ထားကြောင်း၊ နေရာထိုင်ခင်း ကြပ်တည်းမှုရှိကြောင်း တွေ့ရှိရပါသည်။

(ခ) ကော့သောင်းအကျဉ်းထောင်နှင့် မြိတ်အကျဉ်းထောင်တို့တွင် နေသား ၁၄ နှစ် ကျော်လွန်နေသော အကျဉ်းသားများကို တွေ့ရှိရပါသည်။

(ဂ) ကော့သောင်းအကျဉ်းထောင်တွင် ကျန်းမာရေးဝန်ထမ်း ၂ ဦးသာရှိကြောင်း၊ မြိတ်အကျဉ်းထောင်တွင် ဆရာဝန်ရှိသော်လည်း သူနာပြုနှင့်သားဖွား မရှိကြောင်း တွေ့ရှိ ရပါသည်။

(ဃ) အကျဉ်းထောင် ၂ ခုလုံးတွင် ဗဟိုဆေးသိုလှောင်ရေးဌာန (**CMSD)** မှ ဆေးဝါးများ လုံလောက်စွာ မရရှိကြောင်း တွေ့ရှိရပါသည်။

(င) အကျဉ်းထောင် ၂ ခုလုံးတွင် ဝေးလံသောအရပ်ဒေသများမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားများကို တွေ့ရှိရပါသည်။

(စ) အကျဉ်းထောင်များတွင် နွေရာသီ၌ သုံးရေရှားပါးလေ့ရှိကြောင်း သိရှိရပါသည်။

(ဆ) အကျဉ်းထောင် ၂ ခုလုံး၌ နေသား ၁၄ နှစ်အထက်ကျော်လွန်နေသော အကျဉ်းသား များကို တွေ့ရှိရပါသည်။

(ဇ) အချို့အကျဉ်းသား/အကျဉ်းသူများအနေဖြင့် သတ်မှတ်ဝတ်စုံကို သတ်မှတ် အချိန်ကာလအတွင်း မရရှိသေးကြောင်း သိရှိရပါသည်။

(ဈ) ကော့သောင်းမြို့မရဲစခန်း အချုပ်ခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ချိုးဖောက်သဖြင့်၊ ရဲတပ်ဖွဲ့က ဖမ်းဆီးရာတွင်

ပြန်လည်ခုခံသော အချုပ်သား ၁ ဦး၏ မျက်နှာ၌ ဖူးရောင် ပေါက်ပြဲဒဏ်ရာများ ရှိနေကြောင်း၊ ၎င်းသည် စစ်ဆေးသည့်နေ့ကမှ ချုပ်နှောင်ခံရကြောင်း သိရှိရပါသည်။

(ည) မြိတ်မြို့မရဲစခန်းနံရံပေါ်ရှိ Board ၌ အချုပ်သားကျွေးမွေးစရိတ်မှာ နောက်ဆုံး အခြေအနေနှင့် ကိုက်ညီခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

**အကြံပြုတိုက်တွန်းချက်များ**

၃။ **ကော့သောင်းအကျဉ်းထောင်**

(က) တစ်နိုင်ငံလုံးတွင် အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိ လူငယ်အကျဉ်းသားများကို ဗဟို အကျဉ်းထောင် ၃ ခုတွင်သာ လက်ခံထိန်းသိမ်းနိုင်ပါသည်။ ပြစ်မှုကျူးလွန်သူ လူငယ်များ များပြားလာခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးစိုက်ရာမြို့များရှိ အကျဉ်းထောင်များတွင် လူငယ်အကျဉ်းသားများကို ထားရှိထိန်းသိမ်းနိုင်ရန် သီးခြား အိပ်ဆောင်များ ဆောက်လုပ်ခြင်း၊ Vocational Training များ ဖွင့်လှစ်ပေးခြင်းတို့ကို တိုးချဲ့ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ဖွဲ့စည်းပုံအတိုင်း ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်နိုင်ရေး၊ အထူးသဖြင့် ဆရာဝန် ခန့်အပ်ထားရှိနိုင်ရေး ဦးစားပေးဆောင်ရွက်သင့်ပါသည်။

(ဂ) စာကြည့်တိုက်တွင် ပညာရေး၊ ကျန်းမာရေးနှင့် အသိပညာဗဟုသုတ တိုးတက် မြင့်မားရေးဆိုင်ရာ စာအုပ်စာတမ်းများကို တိုးချဲ့ထားရှိသင့်ပါသည်။

(ဃ) အကျဉ်းထောင်ဆေးရုံများတွင် ဗဟိုဆေးသိုလှောင်ရေးဌာန (**CMSD)** မှ ထုတ်ပေး သော ဆေးဝါးများရရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက် သင့်ပါသည်။

(င) နေသား ၁၄ နှစ် ကျော်လွန်နေသော အကျဉ်းသူ ၁ ဦး၏ပြစ်ဒဏ်နှင့်ပတ်သက်၍ အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ စဉ်းစားသုံးသပ်နိုင်ရန်အတွက် ဆောင်ရွက် ပေးသင့်ပါသည်။

(စ) အကျဉ်းသား ၆၀ ကျော်တို့၏နေရပ်လိပ်စာမှာ ကော့သောင်းခရိုင်အတွင်းမှ မဟုတ်ဘဲ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှဖြစ်၍ အကျဉ်းသား ပြောင်းရွှေ့မှု

များရှိပါက နီးစပ်ရာ အကျဉ်းထောင်သို့ ပြောင်းရွှေ့နိုင်ရေး ဦးစားပေး ဆောင်ရွက်သင့်ပါသည်။

(ဆ) နွေရာသီတွင် သုံးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် အစီအမံများ ကြိုတင်ပြုလုပ်သင့်ပါသည်။ သုံးရေထုတ်လုပ်နိုင်မှုနှင့် ခြွေတာသုံးစွဲရမည့် အခြေအနေများကို အကျဉ်းသားများအား ရှင်းလင်း ပြောဆိုသင့်ပါသည်။

(ဇ) အကျဉ်းသားဦးရေ တစ်ဝက်ကျော်သည် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးခံရသူများဖြစ်၍ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ပညာပေးဆွေးနွေးမှုများကို အခါအားလျော်စွာ ပြုလုပ်သင့်ပါသည်။

(ဈ) ဆောင်းရာသီတွင် ဖြစ်ပွားတတ်သော ထုံနာ၊ ကျင်နာအပါအဝင် ရောဂါဝေဒနာများအတွက် ပညာပေးဆွေးနွေးခြင်း၊ လိုအပ်သောဆေးဝါးများ ရှာဖွေစုဆောင်းထားခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

## မြိတ်အကျဉ်းထောင်

၄။ (က) နေရာထိုင်ခင်း ကြပ်တည်းမှု လျော့နည်းစေရန်အတွက် အကျဉ်းသား အိပ်ဆောင်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ အချို့အကျဉ်းသားများကို ၎င်းတို့၏ နေရပ်လိပ်စာနှင့် နီးစပ်သော အကျဉ်းထောင်များသို့ ပြောင်းရွှေ့ခြင်း စသည်တို့ကို ဆောင်ရွက်သင့်ပါသည်။

(ခ) နေသား ၁၄ နှစ် ကျော်လွန်နေသည့်အကျဉ်းသား ၆ ဦး၏ ပြစ်ဒဏ်များအား အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ စဉ်းစားသုံးသပ်နိုင်ရန်အတွက် ဆောင်ရွက်သင့်ပါသည်။

(ဂ) ထောင်တွင်းဆေးရုံ၏ရေလောင်းအိမ်သာတွင် အဖုံးထားရှိသလို ကျန်အိပ်ဆောင်များရှိ အိမ်သာများတွင်လည်း အဖုံးများ ထားရှိသင့်ပါသည်။

(ဃ) ဖွဲ့စည်းပုံအရ လစ်လပ်နေသော သူနာပြုနှင့် သားဖွားဆရာမများ ခန့်အပ်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(င) အကျဉ်းသား၊ အကျဉ်းသူဝတ်စုံများ လုံလောက်စွာရရှိရေး၊ သတ်မှတ်ကာလနှင့်အညီ အကျဉ်းသား၊ အကျဉ်းသူများသို့ ပေးအပ်နိုင်ရေး အလေးထား ဆောင်ရွက်သင့်ပါသည်။

(စ) တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်ခြင်းမရှိသော အကျဉ်းသား၊ အကျဉ်းသူများက နီးစပ်ရာအကျဉ်းထောင်များသို့ ပြောင်းရွှေ့ရန်ဆန္ဒပြုလာပါက ဦးစားပေးဆောင်ရွက်သင့်ပါသည်။

(ဆ) အချုပ်ကာလ ၆ လကျော်လွန်နေသောအချုပ်သား ၂၃ ဦးတို့အား အမြန်ဆုံးစစ်ဆေးစီရင်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

(ဇ) သီးခြားအလုပ်ရုံ တည်ဆောက်၍ **Vocational Training** များကို စဉ်ဆက်မပြတ်ပြုလုပ်ပေးသင့်ပါသည်။

**ကော့သောင်းမြို့မရဲစခန်း၊ အချုပ်ခန်း**

၅။ ကော့သောင်းမြို့မရဲစခန်း၊ အချုပ်ခန်းနှင့်ပတ်သက်သော အကြံပြုတိုက်တွန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြစ်မှုကျူးလွန်သဖြင့် ဖမ်းဆီးရာတွင် ခုခံခဲ့သည့်အတွက် ထိခိုက်ဒဏ်ရာ ရရှိသူများအား အချိန်နှင့်တစ်ပြေးညီ ဆေးဝါးကုသခြင်း၊ ဆေးစာမှတ်တမ်း ထားရှိခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

(ခ) အချုပ်သားများအား သတ်မှတ်နှုန်းထားနှင့် ကိုက်ညီစွာ ထမင်းကျွေးမွေးရန် ကန်ထရိုက်များအား စစ်ဆေးကြပ်မတ်သင့်ပါသည်။

**မြိတ်မြို့မရဲစခန်း၊ အချုပ်ခန်း**

၆။ ရဲစခန်းအဝင် နံရံပေါ်၌ ဖော်ပြထားသော နိုင်ငံတော်မှ ခွင့်ပြုသတ်မှတ်နှုန်းထားများ စာရင်းတွင် အချုပ်သား ကျွေးမွေးစရိတ်ကိုနောက်ဆုံးသတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖော်ပြသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်